## ဥရောပနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်နေသည့် တရုတ်သမ္မတ

တရုတ်သမ္မတ ရှီကျင့်ပင်သည် နိုဝင်ဘာလ (၁၀)ရက်နေ့မှစ၍ ဥရောပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်လျက်ရှိပါသည်။

ဂရိနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ် ဂရိသမ္မတ Prokopis Pavlopoulos နှင့် ဝန်ကြီးချုပ်Kyriakos Mitsotakisတို့နှင့်တွေ့ဆုံခဲ့ကာ ယဉ်ကျေးမှုချင်း ဖလှယ်မှု ပြုလုပ်သွားရန်နှင့် ကိုယ်စားလှယ်အဖွဲ့များအကြား ဆွေးနွေးမှုများကို ထောက်ခံအားပေး သွားရန်ရှိပါသည်။

သမ္မတရှီက ဂရိလူမျိုးတို့၏ အသိဉာဏ်ပညာအတွက် မြို့ပြတည်ထောင်မှုပြုသည့် အခွင့်အလမ်းများကိုရယူရန်၊ အပြန်အလှန်လေးစားမှု၊ တရားမျှတမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံသည့် အပြည်ပြည် ဆိုင်ရာဆက်ဆံရေးပုံစံအသစ် တည်ဆောက်ရန်နှင့် လက်ရှိ တရုတ်နှင့် ဂရိတို့၏ ခိုင်မာ သောဆက်ဆံရေးကို မဟာဗျူဟာမြောက်အဆင့်သို့ ဆက်လက်မြှင့်တင်သွားနိုင်ရေး ပူးတွဲအားထုတ်ကြိုးပမ်းမှုများ ပြုလုပ်သွားရန် တောင်းဆိုလိုက်ပါသည်။

ထို့ပြင် ကနဦး စီမံကိန်းဖြစ်သည့် Piraeus ဆိပ်ကမ်းမှစ၍ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်သွားရန်၊ ဆက်လက်ပြီး လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်အားလုံး ကိုလည်း တိုးမြှင့်သွားရန် တောင်းဆိုခဲ့ပါသည်။ Piraeus ဆိပ်ကမ်းမှာ အေသင်မြို့၏ အနောက်တောင်ဘက် (၁၀)ကီလိုမီတာ အကွာအဝေးတွင် တည်ရှိကာ ၎င်းဆိပ်ကမ်း၏ စီမံခန့်ခွဲမှုနှင့် လည်ပတ်မှုကို တရုတ်ကုမ္ပဏီဖြစ်သည့် China Ocean Shipping Co (COSCO)က ၂၀၁၆ ခုနှစ်တွင် ရယူထားပါသည်။ ထိုဆိပ်ကမ်းတွင် ဂရိလူမျိုးလုပ်သား ပေါင်း(၁၀၀၀၀)ကျော်ကို အလုပ်ခန့်ထားကာ၊ ယခုအခါ မဒီတေးရီးယန်းဒေသတွင် အကြီးမားဆုံးဆိပ်ကမ်းဖြစ်လာပါ သည်။

တရုတ်နိုင်ငံသည် ၎င်း၏ စားသုံးသူများအား ပိုမိုရွေးချယ်ခွင့်ရှိစေရန် ဂရိနိုင်ငံမှ အရည်အသွေးမီ စိုက်ပျိုးရေးကုန်စည်များကို ပိုမိုတင်သွင်းသွားရန် အသင့်ရှိနေပြီး၊ တရုတ်နိုင်ငံ၏ ကုမ္ပဏီများနှင့် ထုတ်ကုန်များအတွက်လည်း ဂရိနိုင်ငံ၏ ဈေးကွက်ကို ပိုမိုဖွင့်လှစ်စေလိုကြောင်း ၊ ဂရိနိုင်ငံသည် ယခုနှစ် ဧပြီလအတွင်းက တရုတ်– အရှေ့နှင့်

အလယ်ပိုင်း ဥရောပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးယန္တရားအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ ၎င်းအဖွဲ့တွင် ဂရိနိုင်ငံမှ ပါဝင်လာသည့် အခွင့်အလမ်းကိုရယူသည့် အနေဖြင့် တရုတ်-ဥရောပ ကုန်းကြောင်း – ပင်လယ်ရေကြောင်း အမြန်ပို့ဆောင်သည့် ဆက်သွယ်မှုလမ်းကြောင်းအောက်ရှိ တက်ကြွသည့် အဆင့်မြင့်လက်တွေ့စီမံကိန်းများ၌ပါဝင်ကာ တရုတ်-ဥရောပ ဆက်သွယ်ရေးပေါင်းကူးနေရာတွင် ပါဝင်ဖြည့်ဆည်းရန် လိုအပ်ပါကြောင်း အလေးအနက် ပြောကြားခဲ့ပါသည်။

ဂရိသမ္မတ Pavlopoulos သည် ပြီးခဲ့သည့် မေလအတွင်းက တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ပြီး၊ ဂရိဝန်ကြီးချုပ် Mitsotakisကမူ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ လာရောက်၍ ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာသွင်းကုန်ပြပွဲသို့ တက်ရောက်ခဲ့ကာ၊ တရုတ်သမ္မတနှင့် တွေ့ဆုံခဲ့ပါသည်။

သမ္မတရှီသည် နိုဝင်ဘာလ (၁၂)ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံ၏ သမ္မတ Jair Bolsonaro၏ ဖိတ်ကြားချက်အရ ဘရာဇီးလ်နိုင်ငံသို့ သွားရောက်ခဲ့ကာ နိုဝင်ဘာလ (၁၃)ရက်နေ့နှင့် (၁၄)ရက်နေ့များတွင် (၁၁)ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လျက်ရှိပါသည်။

ရင်းမြစ်၊ China Daily (၁၁-၁၁-၂၀၁၉)

.........................................

## E-commerceကြောင့် တရုတ်၏ အသေးစားဈေးကွက်များ တိုးတက်ဖြစ်ထွန်းလာ

တရုတ်နိုင်ငံ၏ အစွန်အဖျားရှိ မြို့တော်များနှင့် မြို့ငယ်များတွင် E-commerce ကြောင့် တိုးတက်မှုများ မျှော်မှန်းသည်ထက်ပိုမိုရရှိခဲ့ကာ၊ ၎င်းဒေသများရှိ လက်လီကုမ္ပဏီများမှာလည်း ကုန်ဝယ်ယူမှု အများအပြားရှိခဲ့သည့်အပြင် ပြိုင်ဆိုင်မှုအားအလွန်များပြားသည့် မြို့တော်ကြီးများရှိ ဈေးကွက်များပြင်ပတွင် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းလာလျက်ရှိကြောင်း လေ့လာသူများ၏ ပြောကြားချက်များအရ သိရပါသည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း အွန်လိုင်းပေါ်မှာ ဝယ်ယူကြသူစုစုပေါင်း၏ (၇၀)ရာခိုင်နှုန်းမှာ ဝေးလံသော မြို့တော်များနှင့် မြို့ငယ်လေးများဆီမှဖြစ်ကာ၊ ၎င်းတို့ အွန်လိုင်း

ဈေးဝယ်နေရာတွင် မှတ်ပုံတင်ပြီး တစ်နှစ်အတွင်း လူတစ်ဦးလျှင် ပျမ်းမျှ ယွမ် (၂၀၀၀) (အမေရိကန်ဒေါ်လာ ၂၈၁ ဒေါ်လာ)တန်ဖိုးခန့် ဝယ်ယူကြကြောင်း တရုတ်၏ E-commerce ကုမ္ပဏီကြီးဖြစ်သည့် Tmall နှင့် Taobaoတို့၏ ဥက္ကဋ္ဌ Jiang Fan က မှတ်ချက်ပြုထားပါသည်။ ဗြိတိန်နိုင်ငံမှ အိမ်ထောင်စုသုံးပစ္စည်းများကို ပြုလုပ်ရောင်းချသူ Dyson၏ ပြောကြားချက်အရ ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ရောင်းချရာတွင် မြို့ပြနှင့်မနီးမဝေးမြို့များမှ အရောင်းတိုးတက်မှုနှုန်း (၂၁)ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ဝေးလံသောမြို့များမှ အရောင်းတိုးတက်မှုနှုန်း (၁၁၈)ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရကြောင်း၊ စီရင်စုအဆင့်ရှိ ရပ်ကွက်များမှ လျှပ်စစ်သွားပွတ်တံ၊ ပန်းကန်ဆေးစက်နှင့် ကြမ်းတိုက်ပေးသည့်စက်ရုပ်များ ဝယ်ယူမှုနှုန်းမှာ (၃၅)ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း သိရပါသည် ။

ယခုအခါ တရုတ်နိုင်ငံ၏ စီးပွားရေးကို စားသုံးမှုများက အဓိကမောင်းနှင်ပေးနေပြီး၊ အားလပ်ရက်များ၊ ညဘက် အထူးဈေးလျှော့ရောင်းချမှုများနှင့် ဝေးလံသောဈေးကွက်များကဲ့သို့သော နယ်ပယ်များတွင် စားသုံးမှုနှုန်း တိုးတက်လာအောင် အစိုးရက လှုံ့ဆော်ဆောင်ရွက်ပေးနေကြောင်း၊ အထူးသဖြင့် လူသုံးကုန်ပစ္စည်းများကဲ့သို့သော ဈေးကွက်အစိတ်အပိုင်းတွင် ဖွံ့ဖြိုးပြီးမြို့တော်များ၌ ဝယ်လိုအားတက်လာစေရန် ဆောင်ရွက်နိုင်မှု ခက်ခဲလာသည့်အတွက် ဝေးလံသော မြို့တော်များမှာ ဖွံ့ဖြိုးမှုမောင်းနှင်အားအသစ်များဖြစ်လာကြောင်း တရုတ်စားသုံးသူများအသင်းမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Dong Zhuliက ပြောကြားထားပါသည်။

Consultancy Accentureမှ ပြုလုပ်ထားသည့် ဈေးကွက်သုတေသနအစီရင်ခံစာအရ ယခုအခါ ဝင်ငွေအဆင့်တိုးမြင့်လာခြင်း၊ သတင်းအချက်နည်းပညာကို ပိုမိုအသုံးပြုလာခြင်းနှင့် မြို့ပြအဆင့်သို့ လျင်မြန်စွာကူးပြောင်းလာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ စုစုပေါင်းစားသုံးမှုတွင် ဝေးလံသောဒေသများ၏ မြို့များမှ စားသုံးမှုရာခိုင်နှုန်းမှာ (၇၀)ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း၊ ကြီးမားသော လက်လီဈေးကွက်ရှိသော တရုတ်နိုင်ငံ၏ ခိုင်မာသော လက်လီရောင်းချမှု တိုးတက်မှုနှုန်းမှာ ဝေးလံသောဒေသရှိမြို့များတွင် ပုန်းကွယ်နေကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မြို့တော်ကြီး

များမှ လက်လီအရောင်းတိုးတက်မှုနှုန်း (၇)ရာခိုင်နှုန်းရှိချိန်၌ ဝေးလံသော ဒေသရှိ တတိယအဆင့်နှင့် ၎င်းအောက်အဆင့်မြို့များမှ လက်လီအရောင်းတိုးတက်မှုနှုန်းမှာ (၁၅)ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ မဟာဗျူဟာဖြစ်သည့် အင်တာနက်ဖွံ့ဖြိုး စေခြင်းနှင့်ဝေးလံသောဒေသများမှ မြို့များနှင့် မြို့ငယ်များ၏ စားသုံးမှုကို အားပေးခြင်း တို့နှင့်အညီ ဝေးလံသောမြို့များ၏ လူသုံးကုန်ပစ္စည်းဈေးကွက်များမှာ ချဲ့ထွင်လာ နေကြောင်း သိရပါသည်။

ဝင်ငွေအလယ်အလတ်ရရှိသည့် မိသားစုများ တိုးပွားလာသဖြင့် ဈေးနှုန်း မြင့်သည့် ပစ္စည်းများကိုလည်း ကြိုကြားကြိုကြား ဝယ်ယူလာကြသည်လည်း ရှိလာပါသည်။ အင်တာနက်မှ ဈေးဝယ်ယူသူများသည် အင်တာနက်ပေါ်တွင် အချိန်နှင့် တပြေးညီ ထုတ်လွှင့်သည့် ကြော်ငြာများကိုလည်း ကြည့်ရှုဝယ်ယူကြပါသည်။ အင်တာနက်ပေါ်တွင် ရောင်းချသည့်အချိန်၌ ၎င်းတို့၏ ဒေသများတွင်ဆိုင်များ ဖွင့်လှစ် ထားပါက အရောင်းပိုမိုမြင့်တင်ရာရောက်ပါသည်။

တရုတ်နိုင်ငံ၏ နှစ်စဉ် အထူးဈေးရောင်းပွဲတော်ကျင်းပလေ့သည့် နိုဝင်ဘာလ (၁၁)ရက်နေ့တွင် အွန်လိုင်းကုမ္ပဏီကြီးဖြစ်သည့် Alibabaမှ ရောင်းချခဲ့ရမှုမှာ ယွမ်ငွေ (၂၆၈.၄) ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၈.၄ဘီလီယံ) ရှိခဲ့ကာ၊ ယမန်နှစ် နိုဝင်ဘာလ (၁၁)ရက်နေ့တွင် ရောင်းချခဲ့မှုထက် (၂၅.၇)ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ၎င်းရောင်းချရငွေ များအနက် အလှကုန်များနှင့် ပရိဘောဂများကိုမှာယူမှုများ၏ (၆၀)ရာခိုင်နှုန်းမှာ အငယ်စားမြို့များနှင့် ကျေးလက်ဒေသများမှဖြစ်ကြပါသည်။ အိမ်တွင် ပြုလုပ်သော အသားအရေ ထိန်းသိမ်းသည့် ပစ္စည်းများ၊ Media အမှတ်တံဆိပ် အိမ်သုံးပစ္စည်းများကို ဝယ်ယူလိုမှုလည်း ပိုမိုများပြားလာပါသည်။

သို့ရာတွင် ဝေးလံသောဒေသများရှိ မြို့များသို့ ဈေးကွက်တိုးချဲ့ရသည်မှာ များစွာ လွယ်ကူခြင်းမရှိလှဘဲ ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းပုံစံများကို ဈေးကွက်တိုးချဲ့မည့်မြို့များရှိ လူနေမှုပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရ သည်များလည်းရှိပါသည်။ Alibaba၏ Hema Fresh Marketသည် အနားဝန်းကျင်မှ ဆိုင်များသို့ လတ်လတ်ဆတ်ဆတ် ကုန်ပစ္စည်းပံ့ပိုးပေးနိုင်မည့် တတိယအဆင့်နှင့်

စတုတ္ထအဆင့်မြို့တော်များအတွက် ပုံစံရေးဆွဲထားသည့် ဆိုင်အသေးစားများအပါအဝင် လက်လီရောင်းချမှုပုံစံ (၄)မျိုးကို ဖွံ့ဖြိုးသွားရန် ရည်ရွယ်ချက်ချမှတ်ထားပါသည်။

မကြာမီက ဟိုင်နန်လေကြောင်းလိုင်းသည် ၎င်း၏ ခရီးစဉ်များကို ဒုတိယအဆင့်မြို့တော်များမှ အပြည်ပြည်ဆိုင်ရာလေဆိပ်များဆီသို့ တိုးချဲ့ပြေးဆွဲလာပါသည်။ ဝေးလံသော ဒေသများ၏ မြို့တော်များဆီမှ မိသားစုများ ပိုမိုအကျိုးဖြစ်ထွန်းစေရန် နိုင်ငံရပ်ခြားတွင် အဆင့်မြင့်ပညာ လေ့လာသင်ကြားနိုင်ရေးအတွက် တရုတ် CITIC ဘဏ်က ၎င်း၏ ပညာရေးဆိုင်ရာချေးငွေများကို ပြင်ဆင်ရေးဆွဲထုတ်ချေးပေးလျက်ရှိပါသည်။

အွန်လိုင်းပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် အိမ်တွင်းသန့်ရှင်းရေးလုပ်ငန်းတို့ အပါအဝင် ဝန်ဆောင်မှုကဏ္ဍများမှာလည်း ဖွံ့ဖြိုးရန်အလားအလာရှိကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ China Daily (၁၁-၁၁-၂၀၁၉)

..................................

## တရုတ်တွင် ဝက်သားရောင်းလိုအားနည်းနေခြင်းက ကုန်ဈေးနှုန်းကို မြင့်တက်လာစေ

တရုတ်နိုင်ငံ၌ ဝက်များတွင် အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် နောင်လာမည့်လအနည်းငယ်အထိ ဝက်သားရောင်းလိုအားကျဆင်းလျက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ဝက်သားရောင်းလိုအား ကျဆင်းမှုကြောင့် ဝက်သားဈေးနှုန်းများမှာ ယမန်နှစ်ကထက် (၁၀၁.၃)ရာခိုင်နှုန်းမြင့်တက်လာပါသည်။ အကျိုးဆက်အနေဖြင့် တရုတ်နိုင်ငံ၏ စားသုံးသူအညွှန်းကိန်း မြင့်တက်လာကာ အောက်တိုဘာလအတွင်း (၃.၈)ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါသည်။ ၎င်းအညွှန်းကိန်းမှာ နောင်လာမည့်နှစ် ဒုတိယလေးလပတ် သို့မဟုတ် ဒုတိယနှစ်ဝက်အတွင်း ပြန်လည်ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားပါသည်။

အောက်တိုဘာလအတွင်း စားသောက်ကုန်နှင့် လောင်စာဆီဈေးနှုန်းများ ပါဝင်ခြင်းမရှိသည့် ပင်မငွေကြေးဖောင်းပွမှုနှုန်းမှာမူ (၁.၅)ရာခိုင်နှုန်းသာရှိခဲ့ပြီး စက်တင်ဘာလရှိ ငွေကြေးဖောင်းပွမှုနှုန်းအတိုင်း မပြောင်းလဲဘဲရှိနေခဲ့ပါသည်။

စားသုံးသူဈေးနှုန်းဖောင်းပွမှုမှာ ဝက်သားဝယ်လိုအား ပိုမိုများပြားလာမည့် နွေဦးရာသီ ပွဲတော်မတိုင်မီ လာမည့်ဇန်နဝါရီလတွင် ပိုမိုမြင့်တက်လာဖွယ်ရှိပါသည်။ နိုဝင်ဘာလ ပထမပတ်အတွင်း တရုတ်တစ်နိုင်ငံလုံးရှိ ပျမ်းမျှဝက်သားဈေးနှုန်းမှာ တစ်ကီလိုလျှင် (၅၂.၃)ယွမ်ဖြစ်ပါသည်။

ရင်းမြစ်၊ China Daily (၁၁-၁၁-၂၀၁၉)

...........................

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ စားသောက်ကုန်အခြေခံကုန်ပစ္စည်းများ၏ ဈေးနှုန်းများ (၁၄-၁၁-၂၀၁၉)**

| အမျိုးအမည် | ယူနစ် | ဈေးနှုန်း (ယွမ်) | တက်/ကျ | မှတ်ချက် |
|---|---|---|---|---|
| ဆန် | ၅၀၀ ဂရမ် | ၁.၉၈ မှ ၃.၁၈ အကြား | | (ကွမ်ရှီးပြည်နယ်နှင့် အနီးတဝိုက်မှ ထွက်ရှိသော ဆန်အမျိုးအစား) |
| ဆီ (ပဲဆီ) | ၄ လီတာ | ၉၀ မှ ၁၀၉ အကြား | ↑ | |
| ဆီ (နေကြာဆီ) | ၁.၈ လီတာ | ၂၉.၉၀ | | |
| ကြက်သွန်နီ | ၅၀၀ ဂရမ် | ၅ မှ ၇.၉၈ အကြား | ↑ | (အရွယ်အစားနှင့် အမျိုးအစားပေါ် မူတည်၍ ဈေးနှုန်းကွဲပြားပါသည်။) |
| ကြက်သွန်ဖြူ | ၅၀၀ ဂရမ် | ၆ မှ ၁၆.၅၈ အကြား | | |
| ကြက်သား | ၅၀၀ ဂရမ် | ၁၉.၈၀ မှ ၂၃.၈၀ အကြား | | |
| ဝက်သား | ၅၀၀ ဂရမ် | ၂၆.၉၀ မှ ၅၅ အကြား | ↑ | (အသားအမျိုးအစား ပေါ် မူတည်၍ ဈေးနှုန်း ကွဲပြား |

| | | | | |
|---|---|---|---|---|
| | | | | ပါသည်။) |
| ငါး (ရေခဲရိုက် ပင်လယ်ငါး) | ၅၀၀ ဂရမ် | ၁၀ မှ ၂၁.၈၀ အကြား | | (ငါးအမျိုးအစားပေါ် မူတည်၍ ဈေးနှုန်း ကွဲပြားပါသည်။) |
| ငါး (အရှင်) | ၅၀၀ ဂရမ် | ၁၃.၈၀ မှ ၃၂.၈၀ အကြား | | (ငါးအမျိုးအစားပေါ် မူတည်၍ ဈေးနှုန်း ကွဲပြားပါသည်။) |
| ပုစွန် (ရေခဲရိုက်) | ၅၀၀ ဂရမ် | ၁၉.၉၀ မှ ၂၁ အကြား | | (ဘေဟိုင်ပင်လယ်မှ ထွက်သည့်ပုစွန်) |
| ပုစွန် (အရှင်) | ၅၀၀ ဂရမ် | ၃၈.၈၀ | | |
| အမဲသား | ၅၀၀ ဂရမ် | ၅၂.၈၀ မှ ၅၈.၈၀ အကြား | | (အသားအမျိုးအစား ပေါ် မူတည်၍ ဈေးနှုန်း ကွဲပြား ပါသည်။) |
| ပဲလွန်းဖြူ | ၅၀၀ ဂရမ် | ၃.၉၈ | | |
| မြေပဲ (အခွံပါ) | ၅၀၀ ဂရမ် | ၇.၈၈ | | |
| ပဲပုပ် | ၅၀၀ ဂရမ် | ၃.၆၈ | | |
| ပဲနီလေး | ၅၀၀ ဂရမ် | ၆.၈၀ | | (တရုတ်ပဲနီလေးဖြစ်ပါ သည်) |
| ပဲကြား | ၅၀၀ ဂရမ် | ၅.၈၀ | | |
| ပဲတီစိမ်း | ၅၀၀ ဂရမ် | ၅.၉၀ | | |
| ကြံသကာ | ၅၀၀ ဂရမ် | ၃.၈၀ | | |
| သကြား | ၅၀၀ ဂရမ် | ၃.၈၀ | | |
| ကြက်ဥ | ၅၀၀ ဂရမ် | ၆.၄၈ မှ ၈.၀၀ အကြား | | |
| သရက်သီး | ၅၀၀ ဂရမ် | ၆.၆၈ | | |

| | | | | |
|---|---|---|---|---|
| နာနတ်သီး | ၅၀၀ ဂရမ် | ၄.၉၈ | | |
| ဖရဲသီး | ၅၀၀ ဂရမ် | ၁.၉၈ မှ ၄.၅၈ အကြား | | (အမျိုးအစားပေါ် မူတည်၍ ဈေးနှုန်း ကွဲပြားပါသည်) |
| သခွားမွှေး | ၅၀၀ ဂရမ် | ၂.၆၈ မှ ၃.၉၈ အကြား | | (အမျိုးအစားပေါ် မူတည်၍ ဈေးနှုန်း ကွဲပြားပါသည်) |
| ငှက်ပျောသီး (တစ်သျှူး) | ၅၀၀ ဂရမ် | ၃.၉၉ | | |
| ငှက်ပျောသီး (ဖီးကြမ်း) | ၅၀၀ ဂရမ် | ၅.၉၈ | | |
| ပန်းသီး | ၅၀၀ ဂရမ် | ၄.၉၉ မှ ၅.၉၉ အကြား | | (အမျိုးအစားပေါ် မူတည်၍ ဈေးနှုန်း ကွဲပြားပါသည်) |
| ထောပတ်သီး | ၁ လုံး | ၅.၈၀ | | |

တင်ပြသူ

ဒေါက်တာရွှေစင်ကို

စီးပွားရေးသံမှူး (နန်နင်းမြို့)